**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**နေပြည်တော်**

**ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ( ၂၀ )ရက်**

**အလုပ်လျှောက်လွှာခေါ်ယူခြင်း**

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနတွင် လစ်လပ်လျက်ရှိသော ဓာတ်ခွဲကျွမ်းကျင်-၂ လစာနှုန်းကျပ်(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ရာထူးနေရာ(၂) နေရာအတွက် သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၀.၉.၂၀၂၄)ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ပြီး၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(င) B.Med.Tech (Medical Laboratory Technology) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(စ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူ ကိုယ်တိုင်လက်မှတ်ရေးထိုး ပေးပို့ရမည်-

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်၊

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊

(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်၊

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊

(စ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊

(ဆ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊

(ဇ) အမြဲတမ်းနေရပ်လိပ်စာ၊

(ဈ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့်ဌာနအမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ (၁လက်မ x ၁.၅လက်မ) ၃ပုံ၊ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

(ဂ) ဘွဲ့လက်မှတ်မိတ္တူ၊

(ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ)၊

(င) သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ (တစ်လအတွင်းရရှိသည့်) အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက် (မူရင်း)၊

(စ) သက်ဆိုင်ရာနယ်မြေရဲတပ်ဖွဲ့စခန်း၏ (တစ်လအတွင်းရရှိသည့်) ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက် (မူရင်း)၊

(ဆ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း (အစိုးရဆေးရုံ)၊

(ဇ) ဝန်ထမ်းမဟုတ်လျှင်(၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်မူရင်း၊

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနသို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍လည်းကောင်း(၃၀.၉.၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်း နှင့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်(မူရင်း)ရယူပြီး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနသို့ (၃၀.၉.၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရန်ဖြစ်ပါသည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသူများကို ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကို(၃၁.၁၀.၂၀၂၄)ရက်နေ့တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာန၌ဖြေဆိုရမည်ဖြစ်ပြီး၊ ဖြေဆိုရမည့်ဘာသာရပ်များမှာ သက်ဆိုင်ရာဘာသာရပ် နှင့် အထွေထွေဗဟုသုတတို့ ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည် ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ကျန်းမာရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၄၅၅၃ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။